# ယိင်း



ကန္တာရနှင်းဆီ

# ကန္တာရနှင်းဆီ

## Once Upon a time in Arabia

## Part 1

ပတ္တမြားတွေစီခြယ်ထားတဲ့ ရင်ဝတ်ရယ်၊ ခါးဝတ်တန်ဆာတွေရယ်ကို ဝတ်ဆင်ပြီးနောက် မှန်ထဲကို ကြည့်လိုက်တယ်။ ကြက်သွေးအနီရောင် ဝတ်စုံနဲ့ ကျွန်မဟာ တောင်ပံအစုံဖြန့်လျက် ပျံသန်းတော့မဲ့ ဇာမဏီငှက်တစ်ကောင်အလား လှပဝင့်ကြွားနေတယ်။

'နာဒယျာ ... အရှင်ဆင့်ခေါ်နေပြီ'

အထိန်းတော်နဲ့အတူ အခန်းထဲကထွက်ပြီး ဥယျာဉ်တော်ဆီလာခဲ့တယ်။

ကျွန်မလား ...။

ကျွန်မက ဒီတိုင်းပြည်ရဲ့အတော်ဆုံး ကချေသည်လေ။

တစ်တိုင်းလုံးမှာ အလှဆုံးအချောဆုံး။ ဘုရင်ကိုယ်တိုင် နန်းတော်မှာ အဆောင်ယောင်တွေနဲ့ ချီးမြှင့်မြှောက်စားတာခံရသူပေါ့။

နန်းတော်ကို တိုင်းတစ်ပါးက ဘုရင်မင်းသားတွေလာတိုင်း ကျွန်မကိုယ်တိုင် ကပြအသုံးတော်ခံရလေ့ရှိတယ်။ ဆုတော်လာဘ်တော်တွေလည်း အများကြီးရတယ်။

ဒီလိုပြောလို့ ကျွန်မက သိပ်ကံကောင်းတဲ့သူလို့ ရှင်တို့ထင်တာလား ...။

ကျွန်မကို ငယ်ငယ်လေးတည်းက ဆင်းရဲသူမအမေက မကျွေးနိုင်တော့လို့ ကချေသည်မကြီးဆီ ရောင်းစားခဲ့တာ ၇ နှစ်အရွယ်တည်းက အကမျိုးစုံကို

ကြိုးစားပမ်းစားသင်ယူခဲ့ရလို့ ၁၇ နှစ်အရွယ်မှာ ဘုရင့်ချီးမြှောက်မှုကို ခံရတာပေါ့။

ကျွန်မအကျွမ်းကျင်ဆုံးက ရက်ရှာကီအက ...

ရက်ရှာကီဆိုတာ ဘယ်လိုအကလဲ ဟုတ်လား ...

ခန္ဓာကိုယ်ရဲ့ နှစ်လိုဖွယ်ရာတွေကို မပေါ့တပေါ် အဝတ်တန်ဆာတွေဝတ်ဆင်ပြီး လှုပ်ခါကပြရတဲ့ အကတစ်မျိုးပေါ့ ...

ကျွန်မရဲ့ခြေတစ်ချက်အဆတ်မှာ၊ တင်ပါးတစ်ချက်အလှုပ်မှာ၊ ပဝါတစ်ချက်အဝှေ့မှာ ... မိန်းမောယစ်မူးသွားကြတဲ့ ယောကျ်ားတွေ ဒုနဲ့ဒေး။

ဒါပေမဲ့ ဘုရင်သာမက ယောကျ်ားတွေက ကျွန်မရဲ့အကအလှကိုသာ ကြည့်တာမဟုတ်ဘူး။ ကျွန်မရဲ့ခန္ဓာကိုယ်ကို စေ့စေ့စပ်စပ် အာသာငမ်းငမ်းနဲ့ကို ကြည့်ကြတာ ကျွန်မကို ပိုင်ဆိုင်ချင်တဲ့သူတွေလည်း သိပ်များတယ်။

နန်းတော်က ဘယ်မောင်းမမိသံကိုမဆို ဘုရင်စိတ်ကြိုက်ခြေတော်တင်ပေမဲ့ ကျွန်မကိုတော့ အဲဒီလိုမဟုတ်ဘူး။

ကျွန်မရဲ့အလှတွေ ပျက်ယွင်းရင် မကနိုင်မှာစိုးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဘုရင့်ခြေတော် အတင်ခံရမဲ့ဘဝက လောလောဆယ် လွတ်နေတယ်။ လောဘကြီးတဲ့ဘုရင်က ကျွန်မရဲ့အပျိုစင်ဘဝကို သူမှမရရင် တခြားယောကျ်ားလည်း မရစေနဲ့ရယ်လို့ ကျွန်မကို ယင်ဖိုတောင် မသမ်းရအောင် ထိန်းသိမ်း စောင့်ရှောက်စေတယ်လေ။

ဒါပေမဲ့ ကျွန်မသိပါတယ် ... မလွဲမရှောင်သာတဲ့ တစ်နေ့မှာတော့ ကျွန်မခန္ဓာကိုယ်ကို သူ့ဆီအပ်ရဦးမှာပါပဲ။ နောက်တော့ အလှပျက်သွားတဲ့အခါ တခြားမောင်းမတွေလိုပဲ ဘုရင်ထက် အဆင့်နိမ့်တဲ့ သူဌေးသူကြွယ်တွေ မှူးမတ်တွေ အသုံးတော်ခံဘဝနဲ့ ကျင်လည်ရဦးမှာပါပဲ။

***

'စွန်ပလွံသီးတွေ သိပ်ချိုတယ် ... ဝယ်သွားပါဦး'

ဈေးတန်းထဲက လူအုပ်ကြားမှာ လမ်းလျှောက်ရင်း လွတ်လပ်မှုကို ခဏ တာရှာတွေ့တယ်။ ကုလားအုတ်တွေ ကျောပေါ်မှာ ခြင်းတောင်းကြီး နှစ် တောင်းနဲ့ အဝတ်အထည်သယ်လာတဲ့ ကုန်သည်ကြီးက ကျွန်မကို လှည့် ကြည့်သွားတယ်။

မြေထည်ပစ္စည်းဆိုင်မှာ ငှက်ရုပ်ကလေးလိုချင်လို့ ပူဆာနေတဲ့ကလေးကို နှစ်သိမ့်နေတဲ့ လင်မယားနှစ်ယောက်တွေ့တော့ ပြုံးမိတယ်။

'ယူသွားပါ ဟော့ဒီမှာ ပိုက်ဆံ' ဆိုပြီး ဝယ်ပေးလိုက်တော့ ...

'ကျေးဇူးတင်ပါတယ်'တဲ့

သူတို့ပျော်သွားတာ မြင်တော့ ကျွန်မလည်းပျော်တယ်။

မြို့တော်ထဲမှာ ကိုယ့်ယောကျာ်းနဲ့သားသမီးနဲ့ သွားလာပျော်ရွှင်နေကြတဲ့ မိန်းမတွေကို ကျွန်မသိပ်အားကျတာပဲ ...

ကျွန်မလ။ သူတို့လို သာမန်မိန်းမဘဝမျိုး ရချင်လိုက်တာ ...

ကိုယ့်လင်ယောကျာ်းကို ချစ်ခင်မြတ်နိုးမယ်၊ ဇနီးတစ်ယောက်ဝတ္တရား တွေ ဆောင်ရွက်မယ်၊ သားသမီးလေးတွေမွေးမယ်။

ဆင်းရဲရင် ဆင်းရဲပါစေ ... ကိုယ့်ချစ်သူနဲ့အတူတူ ဆိတ်ကျောင်းရင်း မုန့် တစ်ဖဲ့ဝေမျှစားရတာကို အခုလိုနန်းတော်ကြီးထဲက အချစ်မပါဘဲ တဏှာ သက်သက်လိုချင်တဲ့ ယောကျာ်းတွေနဲ့အတူ ရွှေပန်းကန်ထဲက စားကောင်းသောက်ဖွယ်တွေ စားရတာထက် ပိုမက်မောတယ်။

ဒါပေမဲ့ ဖြစ်လာမှာလ။ မဟုတ်ပါဘူးလေ ...။

ကျွန်မကို ချစ်သူရည်းစားမထားရဘူးလို့ ဘုရင်က အမိန့်ထုတ်ထားတယ်

မဟုတ်လား။

***

ပုလွေသံနဲ့အတူ ကန့်လန့်ကာတွေ ရုပ်သိမ်းလိုက်တာနဲ့ မြူးကြွတဲ့ဟန်ပန်နဲ့ ခပ်သွက်သွက်ပဲ စင်မြင့်ရှေ့ကိုထွက်လိုက်တယ်။

ဒီနေ့ ဟိုးအရှေ့တိုင်းပြည်တစ်ခုဆီက မင်းသားတစ်ပါး ရောက်လာလို့ ကျွန်မကို ဘုရင်က ဖျော်ဖြေခိုင်းပြန်တယ်လေ ...

အလှဆုံးရတနာတွေစီခြယ်ပြီး တဖျတ်ဖျတ် တောက်ပနေတဲ့ ရွှေရောင်အဆင်တန်ဆာတွေနဲ့၊ အလှဆုံးပြင်ဆင်ခြယ်သပြီး ရှုမငြီးစရာ ကကွက်တွေနဲ့ ဖျော်ဖြေခိုင်းပုံထောက်ရင် ဒီတစ်ခေါက်လာတဲ့သူက နှစ်နိုင်ငံအရေးအတွက် သိပ်ကိုအရေးကြီးတဲ့သူပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတိုင်းပြည်နဲ့ ကျွန်မတို့တိုင်းပြည်က ရန်ဖက်မဟုတ်ရင်တောင် မဟာမိတ်တော့ မဟုတ်တာသေချာတယ်။ တိုင်းပြည်တစ်ခုနဲ့တစ်ခု အသေအကြေစစ်ပွဲ မဖြစ်ပေမဲ့ သွေးတိုးစမ်းနေတဲ့ကာလမို့ သံခင်းတမာန်ခင်းဟာ သိပ်အရေးပါတယ်လေ။

ပန်းပေါင်းစုံထုံမွှမ်းတဲ့ ဆံပင်ရှည်တွေကို ယမ်းကာယမ်းကာ၊ လက်ထဲက ပဝါရှည်ကို ဝှေ့ကာဝှေ့ကာ၊ တင်ပါးကို လှုပ်ကာလှုပ်ကာ လှည့်ပတ်ခုန်ပေါက်ကရင်း ကျွန်မအကြည့်တွေက ဖျတ်ခနဲဆို ပရိတ်သတ်လူအုပ်ဆီ ရောက်သွားတယ်။

အဲဒီမှာ ...

စူးရှလေးနက်တဲ့ မျက်ဝန်းတွေနဲ့ ကျွန်မကို အကဲခတ်သလို ကြည့်နေတဲ့သူ့ကို ရုတ်တရက် တွေ့လိုက်ရတယ်။

အို ...

အသက်ရှူမှားပြီး ယိုင်သွားတဲ့ခြေလှမ်းကို မနည်းထိန်းလိုက်ရတယ်။

ကျွန်မဘဝမှာလေ ... ယောကျ်ားတွေ အများကြီးတွေ့ဖူးပေမဲ့ အခုလို တစ်ခါမှ မခံစားခဲ့ဖူးဘူး။ မြင်မြင်ချင်းအချစ်ကို ကျွန်မယုံတယ် သိလား ... ။

ကကွက်အဆုံးမှာ လက်ခုပ်သံတွေ လျှံတက်လာတယ်။

'လာပါဦး နာဒယျာ'တဲ့ အရှင်ကခေါ်တယ်။

ကျွန်မ အရှေ့တိုးသွားပြီး အရိုအသေပေးလိုက်တယ်။

'ဒါကျုပ်တို့တိုင်းပြည်မှာ အလှဆုံး၊ အတော်ဆုံး တော်ဝင်ကချေသည်လေး နာဒယျာတဲ့ ... ဘယ့်နှယ့်ရှိစ ... ဂန္ဓာလရာဇ်က ကချေသည်တွေထက် တော့ မနိမ့်ဘူးမဟုတ်လား'

အရှင့်စကားကို မထောက်ခံချင်သလိုနဲ့ သူက မျက်မှောင်ကြုတ်ရင်း ..

'ကတာတော့ တော်ပါတယ် ... ချောတာလှတာတော့ မျက်နှာသေချာမမြင်ရလို့ မပြောတတ်ဘူး'တဲ့

ဒါကတော့ ဒီလူ စကားကို တမင်ကပ်ပြောတာလို့ တွေးလိုက်တယ်။

ဘယ့်နှယ် ... ကျွန်မမျက်နှာကို ဘုရင်ကလွဲရင် တော်ရုံလူ ကြည့်ခွင့်ရတာမှ မဟုတ်တာ။ ဒါတောင် မျက်နှာတစ်ဝက်လေးမြင်ရုံနဲ့ ကျွန်မကိုလိုချင်တာ တစ်ပိုင်းသေနေတဲ့သူတွေ အများကြီး။ သောက်ရူးကြယ်တွေအလား စိမ်းလဲ့နေတဲ့မျက်လုံးတွေကို ကျွန်မပိုင်ဆိုင်ထားတယ်လေ။

'ပြလိုက်ပါ နာဒယျာ'

ကျွန်မအံ့သြလွန်းလို့ ဆတ်ကနဲ ခေါင်းမော့ကြည့်မိတော့ အရှင်က ခေါင်းညိတ်ပြတယ်။

ပတ္တမြားနားဆွဲအိမ်နဲ့ ချိတ်ဆက်ထားတဲ့ပဝါပါးကို အသာဖယ်လိုက်တယ်။

အိုခနဲ ... ဟာခနဲ ...

လှလိုက်တာရယ်လို့ ကျွန်မကို မမြင်ဖူးတဲ့သူတွေဆီက အာမေဍိတ်သံတွေ ကြားရပေမဲ့ သူကတော့ ဘာမှမပြောဘူး။

ခေါင်းငုံ့ထားရာက အသာမျက်လုံးဝင့်ကြည့်တော့ အကျွန်မကဲခတ်ဖို့ မလွယ်တဲ့မျက်နှာနဲ့ သူက ကျွန်မကို ကြည့်နေတယ်။

ပြီးတော့ ... အေးတိအေးစက် မှတ်ချက်ချတယ်။

'လှသားပဲ'တဲ့

***